# KCKPS ၂၁-၂၂ အတွက်ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးစီမံချက်

KCKPS.ORG/KCKPSHEALTHANDSAFETY

### ကျန်းမာစွာသင်ယူခြင်းနှင့်လုပ်ငန်းခွင်ဝန်းကျင်

- ကျောင်းသားများအားလုံး မျက်နှာဖုံးများတပ်ဆင်ရမည်ဖြစ်ပြီး၊ ကျန်းမာရေးအရ ခွင့်ပြုထားသော ကျောင်းသားများသာ မျက်နှာဖုံးတပ်ဆင်ရန်မလိုအပ်ပါ။
- ဘက်စ်ကားပေါ်တွင်လည်းမျက်နှာဖုံးတပ်ဆင်ရန်လိုအပ်ပါသည်။
- ကန်းဆပ်ပြည်ဥပဒေ ၇၂-၆၂၆၁ အရ ကျောင်းသားများသည် အတန်းကျောင်းတက်ရန် သူတို့၏နောက်ဆုံးကာကွယ်ဆေးထိုးခြင်း များအား လိုအပ်ပါသည်။
- ကျောင်းသားများသည် ကိုဗစ်-၁၉ နှင့်ဆက်စပ်သောဖျားနာခြင်းများဖြစ်ပါ မိမိအိမ်၌သာနေရပါမည်။
- အခန်းတိုင်းတွင် သန့်ရှင်းရေးအဖွဲ့မှပေးအပ်ထားသော လက်အိတ်များနှင့်ပိုးသတ်အဝတ်များလည်းရှိမည်။
- သန့်ရှင်းရေးအဖွဲ့မှနေ့စဉ် အဆက်မပျက်သန့်ရှင်းရေးလုပ်ဆောင်ခြင်းများ၊ အများသုံးနေရာများအားပိုးသတ်သုတ်သင်ခြင်းများအား နေ့ညမပြတ်ဆောင်ရွက်သွားကြပါမည်။
- ဖြစ်နိုင်လျှင် လှုပ်ရှားမှုများကိုလည်း ပြင်ပတွင်သာလုပ်ဆောင်သွားကြပါမည်။
- လေအဝင်အထွက်နှင့်လေကောင်းလေသန့်များရရှိနိုင်ရေးအတွက်ပိုမိုလုပ်ဆောင်သွားကြပါမည်။ လေကောင်းလေသန့်ရအောင် ပြတင်းပေါက်များကိုလည်းအောင်ဖွင့်လှစ်ထားကြပါမည်။
- စာသင်ခန်းများတွင် လူထုအကွာအဝေးများကိုလည်း အကောင်းဆုံးဖြစ်အောင်သင့်လျှော်စွာ စီစဥ်ထားကြပါမည်။

### သင်ယူခြင်း အခွင့်အလမ်းများ

- ၂၀၂၁-၂၀၂၂ကျောင်းစာသင်နှစ်အတွက် မူကြိုမှ-၁၂တန်းအထိ ကျောင်းသားများသည် လူကိုယ်တိုင်ပညာသင်ကြားခြင်းအခွင့်ကိုရရှိ မည်။
- မိသားစုများအနေနှင့်အဝေးသင်ပညာသင်ကြားမှုများအပေါ် မေးခွန်းများရှိပါကကျောင်းသားဝန်ဆောင်မှုအဖွဲ့သို့ဆက်သွယ်ရပါမည်။
- quarantined ဝင်ရသောကျောင်းသားများသည်အဝေးသင်ပညာသင်ယူမှု အခွင့်အားရရှိပါမည်။

### မိဘများ/အုပ်ထိန်းသူများ

- မိဘများသည်မိမိတို့ကလေး၏ကျောင်းများသို့သွားရောက်လည်ပတ်နိုင်ကြပါမည်၊ ရက်ချိန်းယူဖို့ရန်လည်းတိုက်တွန်းလိုပါသည်။
- မိဘများနှင့်အခြားသောအလည်လာရောက်သူများသည်ကျန်းမာရေးနှင့်ပတ်သက်သောမေးခွန်းများကိုဆောက်အအုံထဲသို့ မဝင်မီဖြေဆိုရမည်ဖြစ်သည်။
- မိဘများသည်ကျောင်းတွင်းသို့ဝင်ရောက်ချိန်တွင်မျက်နှာဖုံးများတပ်ဆင်ကြရပါမည်။
- အရေးပေါ်ဆက်သွယ်ရန်အတွက်မိမိတို့၏လက်ရှိဆက်သွယ်ရမည့်အချက်အလက်များကိုကျောင်းသို့ပေးပို့ရမည်။
- ဆက်သွယ်ရေးတိုးမြှင့်နိုင်ရန် မိသားစုများ၏လက်ရှိအီးမေးလိပ်စာများကိုလည်း ကျောင်းတွင်ပေးထားရန် လိုအပ်ပါသည်။

### ကျောင်းသား ဝန်ထမ်းနှင့် လုပ်ဖော်ကိုင်ဖက် ဆောင်ရွက်မှုများ

- လူထုအကွာအဝေးများကို စာသင်ခန်းများတွင် အကောင်းဆုံးသင့်လျှော်စွာ စီစဥ်ထားကြပါသည်။
- အတန်းတိုင်းတွင်ကျောင်းသားများထိုင်ရမည့်နေရာကိုဆရာများမှသတ်မှတ်ပေးရမည်ဖြစ်သည်။
- ကျောင်းဝန်းထဲတွင် ပြင်ပလှုပ်ရှားမှုများကိုပြုလုပ်နိုင်သည်။
- ကျောင်းပြန်လည်ဖွင့်လှစ်ခြင်းအခမ်းအနားနှင့်ကျောင်းပြန်လည်တက်ရောက်ခြင်းကိုပြုလုပ်နိုင်ပြီး လူဦးရေလျော့နည်းစေရန် အတန်းအလိုက် အစီအစဉ်ကိုပြုလုပ်ရန်လိုအပ်သည်။
- အားကစားသမားများသည် KSHSAA နှင့်ကျောင်း၏လျော့ချသတ်မှတ်ထားသောစည်းကမ်းများအတိုင်းလိုက်နာ ဆောင်ရွက်ကြရပါမည်။
- Fine Arts နှင့် PE ဘာသာရပ်များကို ကျန်းမာရေးဌာန၏စည်းမျဉ်းများအတိုင်း လိုက်နာသင်ယူဆောင်ရွက်သွားကြရပါမည်။

### အစားအစာ ဝန်ဆောင်မှုများ

- ကျောင်းသားများသည်မိမိကိုယ်တိုင်အစားအစာများကိုယူစားကြရပါမည်။ အစာပြေစားခြင်းအခန်းကိုမထားရှိတော့ပါ။
- လက်ဆေးရေများကိုလည်းကျောင်းသားများနေ့လည်စာအခန်းထဲမဝင်မီနှင့်ဝင်ရောက်အပြီးတွင်အသုံးပြုနိုင်ရန်ထားရှိပေးပါမည်။

KANSAS CITY KANSAS PUBLIC SCHOOLS